# ညွန့်ပေါင်းသတင်းလွှာ

အမှတ် (၁၇)၊ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရမှ ထုတ်ဝေသည်။

## မြန်မာစစ်အစိုးရ အာဆီယံဥက္ကဋ္ဌနေရာ လက်လျှော့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ကြိုဆိုပြီး ပြုပြင်ပြောင်းလဲမှုနှင့် ဖိအားပေးမှုများဆက်လုပ်ရန် တောင်းဆို

မြန်မာနိုင်ငံစစ်အစိုးရက ၂၀၀၆ ခု အတွက်အာဆီယံ (အရှေ့တောင် အာရှ နိုင်ငံများအသင်း)၏ အလှည့်ကျ ဥက္ကဋ္ဌ နေရာကိုစွန့်လွှတ်မည်ဟု ဇူလိုင် ၂၆ ရက် လာအိုနိုင်ငံမှ အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးတွင် ကြေညာ လိုက်သည်။ စစ်တပ်အုပ်ချုပ်သည့် မြန်မာ နိုင်ငံတွင် ဒီမိုကရေစပြုပြင်ပြောင်းလဲရေး တိုးတက်မှုမရှိသဖြင့် ၎င်းအား အလှည့်ကျ ဥက္ကဋ္ဌ နေရာမပေးရန် အာဆီယံ အဖွဲ့တွင်း ၌၎င်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းတွင်၎င်း ကာလရှည်ကြာ အပြင်းအထန် ဖိအားပေး မှုများမှာ ယခုကြေညာချက်အားဖြင့် ပြီး ဆုံးအောင်မြင်သွားခဲ့သည်။ အာဆီယံ ဥက္ကဋ္ဌနေရာကို ဖိလိပိုင်နိုင်ငံမှရယူမည် ဖြစ်သည်။

ဤသို့စွန့်လွှတ်ခြင်းမှာ “အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီပြန် လည်ထွန်းကားရေးကိစ္စများအပေါ် အာရုံ စိုက်ရန်ဖြစ်သည်”ဟု နအဖ နိုင်ငံခြား ရေးဝန်ကြီး ဦးဉာဏ်ဝင်းကဆိုသည်။ ရှေ့လာမည့် အမျိုးသားညီလာခံတွင် ဖွဲ့ စည်းပုံအခြေခံဥပဒေမူကြမ်းကို ဦးစားပေး ရေးဆွဲပြီးနောက် ပြည်လုံးကျွတ် လူထု ဆန္ဒခံယူပွဲကျင်းပပြီးလျှင် လွှတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပ ပေးမည်၊ ထို့နောက် ဒီမိုကရေစီဖော် ဆောင်ပြောင်းလဲပေးမည်ဟု ဗိုလ်မှူးချုပ် ဟောင်း ဉာဏ်ဝင်းက အချိန်ဇယားကို ချန်လှပ်ပြောသွားသည်။ ဒေါ်အောင်ဆန်း စုကြည်နှင့် ပတ်သက်၍လည်း မည်သို့မျှ ထည့်သွင်းပြောဆိုသွားခြင်းမရှိ။

အလှည့်ကျ ဥက္ကဋ္ဌနေရာ မြန်မာယူ ပါက အာဆီယံအစည်းအဝေးများကို သပိတ်မှောက်မည်ဟု အမေရိကန်ပြည် ထောင်စုနှင့် ဥရောပသမဂ္ဂတို့က ခြိမ်း ခြောက်ခဲ့ကြသည်။ ၂၀၀၄ ခုမှစ၍ မြန်မာ ပြည်သို့ လာရောက်ခွင့်မရခဲ့သော မြန်မာ ပြည်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ရာဇာလီအီစမေးလ်ကို လာနိုင်ငံစည်း ဝေးပွဲဘေးပန်း၌တွေ့ဆုံဖို့ မြန်မာနိုင်ငံ ခြားရေးဝန်ကြီးက ငြင်းဆန်လိုက်ကြောင်း လည်းကြားသိရသည်။ ❖

## ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ သဘောထား



မြန်မာနိုင်ငံက အလှည့်ကျ အာဆီယံ ဥက္ကဋ္ဌနေရာမရယူဖို့ ဆုံးဖြတ်လိုက်ခြင်း အား ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရ (NCGUB) က ကြိုဆို လိုက်သည်။ သို့ရာတွင် ဤသို့ဆုံးဖြတ် လိုက်ခြင်းသည် ပြဿနာများ ပြီးဆုံးသွား ပြီဟု မဆိုလိုနိုင်ကြောင်း NCGUB ဝန်ကြီး

စာမျက်နှာ (၈) ကော်လံ (၁) သို့ ...

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘောထား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေးများကို ဇောက်ချ ဆောင်ရွက် ရန်ရှိသဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ၂၀၀၆ ခုနှစ်တွင် ကျရောက်မည့် အလှည့်ကျသဘာပတိတာဝန်ကို မယူကြောင်း အရှေ့ တောင်အာရှနိုင်ငံများအသင်းက ကြေညာခဲ့သည်။ လက်ရှိအနေအထားအရ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေးနှင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်တို့သည် နိုင်ငံတော်အတွက် အရေးတကြီး အမှန်တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းစဉ်များဖြစ်သည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ခံယူထားပါသည်။ သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီအနေဖြင့် ယင်း အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်တို့ကို ဆောင်ရွက်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသား အင်အားစုများ (လက်နက်ကိုင် တိုင်းရင်းသားအင်အားစုများ အပါအဝင်) နှင့် အခြားနိုင်ငံရေးပါတီအဖွဲ့ အစည်းအသီးသီးတို့ဖြင့် နိုင်ငံရေးကိစ္စများ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် လေးနက်စွာတိုက်တွန်းကြောင်း ကြေညာလိုက်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၁၃၆၇ ဝါဆိုလပြည့်ကျော် ၇ ရက်
၂၀၀၅ ဇူလိုင် ၂၇

# ညွန့်ပေါင်းသတင်းလွှာအာဘော်

## ယနေ့မြန်မာ့နိုင်ငံရေး၏ ‘အဓိကသော့ချက် ပြဿနာ’

ဩဂုတ်လသို့ ရောက်ခဲ့ပြန်ပြီ။ ဤလ ဤရာသီသည် မြန်မာပြည်သူလူထု၏ ပြင်းပြထက်သန်သော ဆန္ဒသဘောထားအမှန်ကို တခဲနက်ထုတ်ဖော်ပြသခဲ့သည့် လရာသီဖြစ်သည်။ ဩဂုတ် (၈) ၁၉၈၈ သို့မဟုတ် “ရှစ်လေးလုံးအရေးတော်ပုံ”သည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ခဲ့ဖူးသမျှ သမိုင်းဝင်ဖြစ်ရပ်များအနက် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူ့ဆန္ဒအမှန်ကို ထင်ဟပ်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်လည်းဖြစ်သည်။ ပြည်သူလူထု၏ စစ်မှန်သောဆန္ဒများအနက် ပထမဦးဆုံးသောဆန္ဒမှာ ‘စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး’ ဖြစ်သည်။ စစ်အာဏာရှင်စနစ် ဖျက်သိမ်းပြီးသည့်နောက် ပြည်သူလူထုတရပ်လုံးအတွက် လွတ်လပ်ရေး၊ တရားမျှတရေး၊ တန်းတူညီမျှရေးတို့ကို အမှန်တကယ် အာမခံနိုင်မည့် ပြည်သူ့လွှတ်တော်တရပ်ပေါ်ထွန်းရေးဖြစ်သည်။ သို့သော် ယခု “ရှစ်လေးလုံး အရေးတော်ပုံ” (၁၇) နှစ်မြောက် လာချိန်အထိ ပြည်သူလူထု၏ဆန္ဒကို မဖြည့်ဆည်းနိုင်သေးဘဲရှိနေသည်။

ပြည်သူလူထု၏ ဆန္ဒအမှန်ကို ဆက်လက်ဟန့်တားနေသူမှာ စစ်အာဏာရှင် လက်တဆုပ်စာတို့ဖြစ်သည်။ အာဏာရှင်စစ်အုပ်စုသည် အဓမ္မလုပ်အားခိုင်းစေမှု၊ ကလေးသူငယ်များအား အဓမ္မစစ်မှုထမ်းခိုင်းမှု၊ လူထုအား အဓမ္မအိုးအိမ် နေရာရွှေ့ပြောင်းခိုင်းမှု၊ တိုင်းရင်းသူ အမျိုးသမီးများအားအဓမ္မပြုကျင့်မှု အစရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေရုံမက၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပါတီများမှ အဖွဲ့ဝင်များအားလည်း လွတ်လပ်စွာနိုင်ငံရေးလှုပ်ရှားမှု မပြုနိုင်အောင် ဖမ်းဆီးထောင်ချမှုများ ဆက်လက်ပြုလုပ်ကာ နှောင့်ယှက်ဟန့် တားနေပေသည်။ ထို့အပြင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် (၅) ဦး အပါအဝင် နိုင်ငံရေးအကျဉ်းသား (၄၀) ကျော်ကို မကြာသေးမီက ဖမ်းဆီးအကျဉ်းချမှုများဆက်လက်ပြုလုပ်နေပေသည်။ ထိုသို့ အထွေထွေလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မတရားဖမ်းဆီး ချုပ်နှောင်နေမှုများကို နအဖအနေဖြင့် ချက်ချင်းရပ်စဲ၍၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒေသတွင်း အေးချမ်းတည်ငြိမ်ရေးတို့အတွက် မြန်မာပြည်သူလူထု၏ဆန္ဒနှင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များနှင့်အညီ စစ်မှန်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည် ဖော်ရန် လိုပေသည်။

ယခုနှစ် ဇူလိုင် (၂၅ – ၂၉) က ကျင်းပခဲ့သော ‘(၃၈) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး’တွင် နအဖ နိုင်ငံခြားရေးဝန်ကြီးက ၂၀၀၆ ခုနှစ် အာဆီယံအလှည့်ကျသဘာပတိတာဝန်ကို မြန်မာနိုင်ငံအနေဖြင့် စွန့်လွှတ်မည်ဟု ဆုံးဖြတ်လိုက် ကြောင်းကြေညာခဲ့သည်။ နအဖ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ် ရေးဆွဲရေး၊ လူထုဆန္ဒခံယူပွဲကျင်းပရေးနှင့် ရွေးကောက်ပွဲအသစ်တခုပြုလုပ်ရေးကိစ္စများနှင့် အလုပ်များနေမည်ဖြစ်၍၊ အလှည့်ကျ အာဆီယံသဘာပတိ တာဝန်ကို စွန့် လွှတ်လိုက်ခြင်းဖြစ်သည်ဟု အကြောင်းပြခဲ့သည်။ ယင်း အကြောင်းပြချက်ကို ထောက်ရှုလျှင် နအဖသည် မြန်မာပြည်သူလူထု၏ ဆန္ဒနှင့် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များကို လေးစားလိုက်နာမည်မဟုတ်သည်မှာ ထင်ရှားပေသည်။ ထို့ပြင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့အပါအဝင် ပြည်တွင်းပြည်ပ အင်အားစုများက အဆက် မပြတ်တိုက်တွန်းနေသည့် အနှစ်သာရ ပြည့်ဝသော “နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေး” ကိုလည်း လုံးဝ ကျော်ခိုင်းပစ်ပယ်ထားပေသည်။ ၎င်းတို့၏ စိတ်ကြိုက် လမ်းပြမြေပုံ (၇) ချက်အတိုင်း ဇွတ်တိုးမည့်သဘောကို တွေ့ရသည်။ နအဖသည် နိုင်ငံတကာဖိအားကို မလွန်ဆန်နိုင်၍၊ အာဆီယံအလှည့်ကျတာဝန်ကို လက်လွှတ်လိုက်ရသော်လည်း၊ စစ်မှန်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည့်လက္ခဏာမတွေ့ရပေ။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား (၁၀၀၀) ကျော်ကို ပြန်လွှတ်ပေးရေးနှင့် တွေ့ဆုံဆွေးနွေးရေးကိစ္စတို့ကို နအဖက တလုံးတပါဒမျှ ဖွင့်ဟပြောကြားခြင်းမရှိဘဲ ရေငုံနှုတ်ပိတ်လုပ်နေခြင်းသည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးပြဿနာ ကို အဖြေရှာလိုသော သဘောမရှိ၍ ဟုဆိုရပေမည်။ သို့ဆိုလျှင် နအဖအမျိုးသားညီလာခံက စိုင်းပြင်းနေသော ဖွဲ့စည်းပုံအခြေခံဥပဒေ သည် “အမျိုးသားပြန်လည်သင့်မြတ်ရေး” ၏မျက်ကွယ်တွင်ဖြစ်၍၊ ပြည်တွင်းပြည်ပက အသိအမှတ်ပြုလိမ့်မည် မဟုတ်ပေ။ တိုင်းရင်းသား ပြည်သူတရပ်လုံး၏ထောက်ခံမှု၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုတို့ကို ဥပက္ခာပြု၍ ခါးမိုးရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တိုင်းပြည်ကို အကြမ်းဖက်အုပ်ချုပ်၍ မရနိုင်ကြောင်း သမိုင်းအတွေ့အကြုံများက ပြသခဲ့ပြီးဖြစ်ပေသည်။ ထို့ကြောင့် ယနေ့ မြန်မာ့နိုင်ငံရေးပြဿနာကို စေတနာအရင်းခံဖြင့် ဖြေရှင်းလိုသောသဘောဆန္ဒရှိပါက မြန်မာပြည်သူလူထု ၏ဆန္ဒနှင့် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များအား အထူးလေးစားလိုက်နာရန်လိုပေသည်။ ယနေ့ ပြည်သူလူထု၏ဆန္ဒမှာ “ဒေါ်အောင်ဆန်း စုကြည် အချုပ်အနှောင်မှ အမြန်ဆုံးလွတ်မြောက်ရေး” ဖြစ်ပေသည်။

ယနေ့မြန်မာ့နိုင်ငံရေး၏ ‘အဓိကသော့ချက်ပြဿနာ’မှာ မြန်မာပြည်သူလူထု၏ဆန္ဒကို အသိအမှတ်ပြုရေးဖြစ်သည်ဟု ‘ညွန့်ပေါင်း သတင်းလွှာ’ကလည်း လေးနက်စွာ ယုံကြည်သည့်အလျောက်၊ နအဖစစ်အာဏာရှင်တို့အနေနှင့် –ငါ့မြင်း ငါစိုင်း၊ စစ်ကိုင်းရောက်ရောက်– ဆိုသောမူကို စွန့် လွှတ်၍ ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံး လွှတ်ပေးရန် အထူးတိုက်တွန်းလိုက်ရပေသည်။

❖ ❖ ❖

# ညွှန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာစန်းအောင် မဟာချိုင်ဒေသလေ့လာ



စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းနေစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာစန်းအောင်နှင့်အဖွဲ့သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တော်၏ အနောက်တောင်ဘက် ကီလိုမီတာ (၇၀) အကွာရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ အများဆုံးနေထိုင်လုပ်ကိုင်ရာ ဒေသတခုဖြစ်သော မဟာချိုင်ဒေသသို့ ဇူလိုင် (၁၅) ရက်နေ့တွင် သွားရောက်ပြီး မြန်မာအလုပ်သမားများ၏နောက်ဆုံးအခြေအနေကို ကွင်းဆင်းလေ့လာမှု ပြုလုပ်ခဲ့ကြသည်။

လေ့လာရေးအဖွဲ့သည် အလုပ်သမားအခွင့်အရေးမြှင့်တင်ရေးအဖွဲ့ (Labour Rights Promotion Network - LPN) နှင့် Raks Thai Foundation – Health Care Center ရုံးများသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မဟာချိုင်တွင် နေထိုင်ခွင့်ရ မြန်မာအလုပ်သမားမိသားစုပေါင်း (၁၃၀,၀၀၀) ကျော်ရှိပြီး အလုပ်သမား လက်မှတ်ဖြင့်နေထိုင်သူ (၇,၀၀၀) ကျော်ရှိကြောင်းသိရကာ ၎င်း NGO များသည် အလုပ်သမားမိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ရပိုင်ခွင့်ကိစ္စရပ်များကို အထောက်အကူပြုသည့်တာဝန်များ ဆောင်ရွက်နေကြသည်။ ထို့အပြင် ကလေးသူငယ်များ ရပိုင်ခွင့်ကိစ္စ၊ နေ့လည်စာကျွေးမွေးမှု အပါအဝင် ကလေးများအား မူလတန်းပညာအခမဲ့ သင်ပေးရေးကိစ္စ၊ အရွယ်ရောက်ပြီးသူများအား ပညာသင်ကြားပေးရေးကိစ္စ၊ မြန်မာအလုပ်သမားများအား ဥပဒေ အထောက်အကူပေးရေးကိစ္စ၊ (HIV/AIDS) ပညာပေးရေးကိစ္စများကိုလည်း လုပ်ဆောင်နေကြသည်။ ဤလုပ်ငန်းရပ်များတွင် မြန်မာအဖွဲ့များအနေဖြင့် ပူးပေါင်းကူညီမှုများပေးလိုပါကလည်း ကြိုဆိုကြောင်း ပြောပြကြသည်။

'စမုတ်စခွန်' ရှိ Raks Thai Foundation ၏ (Health Care & Drop-in-Center) ရုံးရှိ အလုပ်သမားစာကြည့်တိုက်သို့ အမျိုးသားညွန့်ပေါင်းအစိုးရ ကိုယ်စား ဒေါက်တာစန်းအောင်မှ 'ဒေါ်အောင်ဆန်းစုကြည်၏ လက်ရွေးစင်မိန့်ခွန်းများ' စာအုပ်များအပါအဝင် စာနယ်ဇင်းမျိုးစုံ အုပ်ရေ (၃၀) ခန့်နှင့် စီဒီအချို့ လက်ဆောင်အဖြစ်ပေးအပ်ခဲ့ပြီး အလုပ်သမားလူငယ်အချို့အား ကွန်ပျူတာ၊ အီးမေးလ် လေ့လာသင်ယူကြရန်၊ အခက်အခဲများနှင့် မတရားပြုခံရမှုသတင်းများ ဆက်သွယ်ပေးပို့ရန် တိုက်တွန်းအားပေးခဲ့သည်။

❖

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စောဦးရယ် ကွယ်လွန်

ကယားပြည်နယ် ဖရူဆိုမြို့နယ်ပြည်သူ့လွှတ်တော်အမတ် စောဦးရယ်သည် ဇူလိုင်လ ၁၂ ရက်နေ့ နံနက်၌ လွိုင်ကော်ဆေးရုံတွင်ကွယ်လွန်သွားသည်။

စောဦးရယ်သည် ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသော်လည်း စစ်အစိုးရမှ ရွေးကောက်ပွဲကတိကို ဖောက်ဖျက်ပစ်ခဲ့သည်။ ၎င်းသည် ၁၉၉၆ တွင် နအဖအစိုးရမှ ထောင်ဒဏ် ၁၇ နှစ် ချမှတ်သည်ကိုခံရပြီး ၂၀၀၂ အထိ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။ ကွယ်လွန်ချိန်တွင် အသက် ၇၇ နှစ်ရှိပြီဖြစ်သည်။

❖

## ဇူလိုင် (၇) ရက် အထိမ်းအမှတ် အခမ်းအနားကျင်းပ

၄၃ နှစ်မြောက် ၇ ရက် ဇူလိုင် ကျောင်းသားလှုပ်ရှားမှုနေ့ အခမ်းအနားတရပ်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) အဖွဲ့မှ ကမကထပြု၍ ထိုင်းမြန်မာနယ်စပ် လွတ်မြောက်နယ်မြေ တနေရာ၌ ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။

၎င်းအခမ်းအနားတွင် မကဒတဥက္ကဋ္ဌ ကိုမျိုးဝင်းက ကျဆုံးခဲ့ရသည့် နောင်တော်ကျောင်းသားများ၏ ဇွဲ၊ သတ္တိ၊ စိတ်ဓါတ်၊ ပေးဆပ်မှုနှင့် စွန့်လွှတ်အနစ်နာခံမှုများကို ဂုဏ်ပြုပြောကြားသွားပြီး ၎င်းတို့၏မပြီးဆုံးသေးသော တိုက်ပွဲတာဝန်များကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်ရေးပြောကြားခဲ့သည်။

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) တာဝန်ခံကိုမင်းနိုင်ကလည်း ၄၃ နှစ်လုံးလုံးပျောက်နေသည့် ကျောင်းသားသမဂ္ဂနှင့် သမဂ္ဂအဆောက်အဦးကို ပြန်လည်တည်ဆောက်ဖို့အတွက် ယခု မိမိတို့ပခုံးပေါ်ကျနေသော အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ လွတ်လပ်သည့် ဒီမိုကရေစီပေါ်ထွန်းရေးစသော တာဝန်များကို နောင်တော်ကျောင်းသားတို့ တာဝန်ကျေခဲ့သကဲ့သို့ မိမိတို့လက်ထက်မှာလည်း ကျေပွန်အောင် ထမ်းဆောင်ဖို့လိုကြောင်း ပြောကြားသွားခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအပါအဝင် အဖွဲ့အစည်းအသီးသီးမှ သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

❖

National Coalition Goverment of the Union of Burma
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

# နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွှတ်ပေးခြင်းကိစ္စ နှင့်စပ်လျဉ်း၍ သဘောထားထုတ်ပြန်ချက်

**၁။** နအဖ အကျဉ်းဦးစီးဌာန လက်အောက်ရှိ အင်းစိန်၊ သာယာဝတီ၊ သရက်၊ မြင်းခြံ၊ မြစ်ကြီးနား၊ ရွှေဘို၊ တောင်ငူ၊ မော်လမြိုင်၊ မြောင်းမြ၊ စစ်တွေ၊ ကလေး အစရှိသော အကျဉ်းထောင်အသီးသီးမှ နိုင်ငံရေးအကျဉ်းသား (၂၅၀) ခန့်အား ဇူလိုင်လ (၆) ရက်နေ့တွင် သက်ဆိုင်ရာ အာဏာပိုင်များက ပြန်လည်လွှတ်ပေးခဲ့ကြောင်း နိုင်ငံတကာသတင်းဌာနများ၏ ထုတ်လွှင့်ချက်များအရ သိရှိရပါသည်။ ယနေ့ တိုင်းပြည်၏ ပကတိအခြေအနေများအရ 'အမျိုးသားပြန်လည်သင့်မြတ်ရေး' ရရှိရန် အထူးလိုအပ်နေချိန်ဖြစ်သဖြင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် လိုအပ်ပေသည်။ ယခု နအဖက နိုင်ငံရေးအကျဉ်းသားများကို အကန့်အသတ်ဖြင့်သာ လွှတ်ပေးခြင်းဖြစ်သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် သတိကြီးစွာထား၍ ကြိုဆိုလိုက်ရပေသည်။

**၂။** မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၏ ၂၀၀၅ ဇွန်လ (၃၀) အထိ သတင်းမှတ်တမ်းများအရ စုစုပေါင်း နိုင်ငံရေး အကျဉ်းသားအရေအတွက်မှာ (၁၄၅၀) ဖြစ်ပါသည်။ ထိုအကျဉ်းသားများအနက် ၁၉၉၀ ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးလည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် နှိပ်စက်ညှဉ်းပမ်းမှုနည်းအမျိုးမျိုးကို ဆက်လက်ကျင့်သုံးဆဲရှိသော နအဖ၏အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသား (၁၂၀၀) ခန့် ကျန်ရှိနေဆဲဖြစ်ပါသည်။ မကြာမီပြုလုပ်တော့မည့် အာဆီယံနှင့် ကုလသမဂ္ဂအစည်းအဝေးများ မတိုင်မီ နိုင်ငံတကာဖိအားလျော့ပါးစေရန် နိုင်ငံရေးအကျဉ်းသားများကို တန်ဆာခံသဘောထား၍ အကန့် အသတ်ဖြင့် လွှတ်ပေးခြင်းသည် နိုင်ငံရေးအမြတ်ထုတ်မှုတခုဟု အမျိုးသားညွန့်ပေါင်းအစိုးရက ယူဆပါသည်။

**၃။** တဖက်တွင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးသည်ဆိုသော်လည်း၊ အခြားတဖက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံရေးလှုပ်ရှားခွင့်များ တဖြည်းဖြည်းကန့်သတ်ဖျက်သိမ်းလျက်ရှိခြင်း၊ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးကျော်ဆန်း၊ ဦးကျော်ခင်၊ ဦးကျော်မင်း၊ ဦးသန်းဌေးနှင့် ဦးစောလှိုင်တို့အပါအဝင် အဖွဲ့ချုပ်ဝင်အများအပြားအား မတရားအမှုဆင် ထောင်ချခဲ့ခြင်း၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးတွင် အရေးပါသည့် ခွန်ထွန်းဦးနှင့် ရှမ်းတိုင်းရင်းသားခေါင်းဆောင်များအား မတရားဖမ်းဆီးထားခြင်း၊ အဖွဲ့ချုပ်လူငယ် တဦးဖြစ်သူ ကိုအောင်လှိုင်ဝင်းအား မတရားရိုက်နှက်စစ်ဆေး၍ အသက်ဆုံးရှုံးခဲ့ရခြင်း စသည်များ ဆက်လက်အရှိန်မြှင့်လုပ်ဆောင်နေပေသည်။

ထို့ပြင်မကြာသေးမီက ကျင်းပသည့် 'မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)' နှင့် 'မြန်မာအမျိုးသမီးနေ့အခမ်း အနားများ' တွင် ဒေါ်အောင်ဆန်းစုကြည်အား အပုတ်ချတိုက်ခိုက်မှုများ ပိုမိုအရှိန်မြှင့်ပြုလုပ်လာသဖြင့် ယခု နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ် ပေးသည့်ကိစ္စကို ရိုးသားစွာပြုလုပ်သည်ဟု ယူဆ၍မရနိုင်ပေ။

**၄။** နအဖအနေဖြင့် မြန်မာနိုင်ငံတွင် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စစ်မှန်သောပြည်ထောင်စု ပြန်လည်တည် ဆောက်ရေး၊ စစ်မှန်သော တိုင်းပြည်ငြိမ်းချမ်းသာယာဖွံ့ဖြိုးရေးတို့ကို ရိုးသားစွာပြုလုပ်လိုပါက နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန် လိုပေသည်။ အထူးသဖြင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ရှမ်းတိုင်းရင်းသားခေါင်းဆောင်များကို ပြန်လွှတ်ပေး ရပေမည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အခန်းကဏ္ဍကိုလည်း တိုင်းပြည်၏ လက်ငင်းလိုအပ်ချက်အရ အသိ အမှတ်ပြုရပေမည်။ တိုင်းရင်းသားအင်အားစုခေါင်းဆောင်အသီးသီး၏ အခန်းကဏ္ဍကိုလည်း လေးစားအသိအမှတ်ပြု၍ တိုင်းရင်းသားများအား စစ်ဆင်တိုက်နေသည့် ပြည်တွင်းစစ်ကိုလည်း ချက်ချင်းရပ်စဲရပေမည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် သုံးပွင့်ဆိုင် အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန်လည်း လိုပေသည်။

**၅။** ထို့ပြင် ဥပဒေမဲ့ မတရားဖမ်းဆီး၊ ချုပ်နှောင်၊ ညှဉ်းပမ်း၊ သတ်ဖြတ်နေခြင်းများကိုလည်း ခြွင်းချက်မရှိ ချက်ချင်းရပ်တန့်ဖို့လိုပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်ကြသော ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်၊ တိုင်းရင်းသားခေါင်းဆောင်များ ဖြစ်ကြ သော ခွန်ထွန်းဦး၊ ဦးရွှေအုန်းအစရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးပါသော နိုင်ငံရေးခေါင်းဆောင်များကို ပြန်လွှတ်မပေး မချင်း၊ စစ်မှန်သောစေတနာဖြင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးသည်ဟု ယူဆ၍မရနိုင်သဖြင့် ယခု နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းအား အမျိုးသားညွန့်ပေါင်းအစိုးရက သတိထား၍ အကန့်အသတ်ဖြင့်သာ ကြိုဆိုလိုက်ရပေသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ**
**၂၀၀၅ ခုနှစ် ၊ ဇူလိုင်လ (၇) ရက်။**

# ၂၀၀၅ ခုအတွင်း ဖမ်းဆီးသော နိုင်ငံရေးအကျဉ်းသားများစာရင်း

| စဉ် | အမည် | အဖွဲ့အစည်း | လိပ်စာ | ဖမ်းဆီး/ထောင်ကျနေ့စွဲ |
|---|---|---|---|---|
| ၁။ | ခွန်ထွန်းဦး | SNLD-ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်အမတ် သီပေါ ၁၊ ရှမ်းပြည်နယ် | ရန်ကုန် | ၅-၂-၀၅ |
| ၂။ | စိုင်းညွန့်လွင် | SNLD- အတွင်းရေးမှူး | ရန်ကုန် | ၅-၂-၀၅ |
| ၃။ | စိုင်းလှအောင် | SNLD - အဖွဲ့ဝင် | တောင်ကြီး | ၅-၂-၀၅ |
| ၄။ | စဝ်ကြာအုတ် | SNLD - အဖွဲ့ဝင် | တောင်ကြီး | ၅-၂-၀၅ |
| ၅။ | ဦးရွှေအုံး | ဝါရင့်နိုင်ငံရေးသမား | တောင်ကြီး | ၁၁-၂-၀၅ အကျယ်ချုပ် တနှစ်ချ |
| ၆။ | ဦးမြင့်သန်း | မျိုးဆက်သစ် ရှမ်းပြည် | တောင်ကြီး | ၉-၂-၀၅ |
| ၇။ | ဦးထွန်းညို | မျိုးဆက်သစ် ရှမ်းပြည် | တောင်ကြီး | ၉-၂-၀၅ |
| ၈။ | ဦးညီမိုး | မျိုးဆက်သစ် ရှမ်းပြည် | တောင်ကြီး | ၉-၂-၀၅ |
| ၉။ | ဦးမျိုးဝင်းထွန်း | မျိုးဆက်သစ် ရှမ်းပြည် | တောင်ကြီး | ၉-၂-၀၅ |
| ၁၀။ | ဦးညွန့်မောင် | မျိုးဆက်သစ် ရှမ်းပြည် | တောင်ကြီး | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၁၁။ | ဦးဘသင် | မျိုးဆက်သစ် ရှမ်းပြည် | တောင်ကြီး | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၁၂။ | ခွန်ပန် | SNLD | တောင်ကြီး | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၁၃။ | ဦးကျော်ဝင်း (အင်း) | အင်းအမျိုးသားအဖွဲ့ (INO) | တောင်ကြီး | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၁၄။ | ဦးစင်းတောင် | အင်းအမျိုးသားအဖွဲ့ (INO) | တောင်ကြီး | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၁၅။ | ဗိုလ်ချုပ်ဆေထင် | SSPC-ဥက္ကဋ္ဌ၊ SSA/SSNA နာယက | လားရှိုး | ၉-၂-၀၅ |
| ၁၆။ | ဗိုလ်ကြီးစဝ်သာဦး | ဗိုလ်ချုပ်ဆေထင်၏ ကိုယ်ရေးအရာရှိ၊ SSA | လားရှိုး | ၉-၂-၀၅ |
| ၁၇။ | ဝေထင်ကျုန်း | ဝသပ (တောင်ကြီးရုံးကိုယ်စားလှယ်) | တောင်ကြီး | ၉-၂-၀၅ |
| ၁၈။ | ဗိုလ်မှူးခွန်းအိုက်ဖရင်း | ကယန်းပြည်သစ် တော်လှန်ရေးကောင်စီ | ပြင်ဆောင် | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၁၉။ | ဗိုလ်မှူးစိန်ဝင်းနောင် | ရလလဖ | နောင်ထော် | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၂၀။ | ခွန်းလောရိန်း | ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ DOKNU | ဖယ်ခုံ | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၂၁။ | ဦးသုဝေ | ဥက္ကဋ္ဌ-ဒီမိုကရေစီပါတီ | ရန်ကုန် | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၂၂။ | ချိုချိုကျော်ငြိမ်း (မ) | ဖျက်သိမ်းခံရသော ဖဆပလခေါင်းဆောင် | ရန်ကုန် | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၂၃။ | ဥမ္မာ (မ) | ချိုချိုကျော်ငြိမ်း၏သမီး | ရန်ကုန် | ၉-၂-၀၅ (ပြန်လွှတ် ၆-၃-၀၅) |
| ၂၄။ | ဦးဘမြိုင် | SSA-N | မိုင်းတုံ | ၂၂-၂-၀၅ |
| ၂၅။ | နန်းနု (မ) | ဦးဘမြိုင်၏ဇနီး | မိုင်းတုံ | ၂၂-၂-၀၅ |
| ၂၆။ | ကိုအေးဝင်း | နိုင်ငံရေးအကျဉ်းသားဟောင်း | ပုသိမ် | ၂၀-၃-၀၅ |
| ၂၇။ | ဦးကျော်ခင် | NLD လွှတ်တော်အမတ် တောင်ကြီး (၁) | တောင်ကြီး | ၂၅-၂-၀၅ ထောင်ဒဏ် ၁၄ နှစ် |
| ၂၈။ | ဦးကျော်ဆန်း | NLD လွှတ်တော်အမတ် တန့်ဆည် | ရန်ကုန် | ၁၇-၃-၀၅ ထောင်ဒဏ် ၇ နှစ် |
| ၂၉။ | ဦးကျော်မင်း | NDPHR လွှတ်တော်အမတ် ဘူးသီးတောင် (၁) | ရန်ကုန် | ၁၇-၃-၀၅ ထောင်ဒဏ် ၄၇ နှစ် |
| ၃၀။ | ဦးစောလှိုင် | NLD လွှတ်တော်အမတ် အင်းတော် | ကသာ | ၃၀-၃-၀၅ ထောင်ဒဏ် ၁၂ နှစ် |
| ၃၁။ | ကိုအောင်လှိုင်ဝင်း | NLD လူငယ် | ရန်ကုန် | ၁-၅-၀၅ သေဆုံး ၇-၅-၀၅ |
| ၃၂။ | ဦးသန်းလွင်ဦး | ဒီ/ငြိမ်းပါတီ | ခင်ဦး၊ စစ်ကိုင်းတိုင်း | ၂-၇-၀၅ |
| ၃၃။ | ဒေါက်တာဝင်းအောင် | NLD ဥက္ကဋ္ဌ | ခင်ဦး၊ စစ်ကိုင်းတိုင်း | ၆-၇-၀၅ ထောင်ဒဏ် ၁၀ နှစ် |
| ၃၄။ | ဦးခင်မောင်ဝင်း | NLD အဖွဲ့ဝင် | ခင်ဦး၊ စစ်ကိုင်းတိုင်း | ၆-၇-၀၅ ထောင်ဒဏ် ၁၀ နှစ် |
| ၃၅။ | ဦးစိုးဝင်းအောင် | အထက်တန်းပြဆရာ | ခင်ဦး၊ စစ်ကိုင်းတိုင်း | ၆-၇-၀၅ ထောင်ဒဏ် ၃ နှစ် |
| ၃၆။ | ဦးလှမြင့်သန်း | NLD အဖွဲ့ဝင် | ပဲခူး | ၄-၇-၀၅ |
| ၃၇။ | ဦးဝင်းမြင့် | မြကန်သာလဖက်ရည်ဆိုင် | ပဲခူး | ၅-၇-၀၅ |
| ၃၈။ | ဦးဝင်းမြင့်၏ဇနီး | အလယ်တန်းပြဆရာမ | ပဲခူး | ၅-၇-၀၅ |
| ၃၉။ | ဖိုးဇော် (ခ) ခင်ဇော် | | ပဲခူး | ၅-၇-၀၅ |
| ၄၀။ | ကိုဝေလင်း | | ပဲခူး | ၅-၇-၀၅ |
| ၄၁။ | ကိုသိန်းဝင်း | | ပဲခူး | ၅-၇-၀၅ |
| ၄၂။ | မမျိုး | | ပဲခူး | ၅-၇-၀၅ |
| ၄၃။ | အမည်မသိ | ဗလီဆရာ | ပဲခူး | ၅-၇-၀၅ |
| ၄၄။ | အမည်မသိ (မ) | ဗလီဆရာ၏ဇနီး | ပဲခူး | ၅-၇-၀၅ |

စာမျက်နှာ (၆) သို့ ...

# စစ်အစိုးရက နိုင်ငံရေးအကျဉ်းသားများလွှတ်

နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးမှုနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ဇူလိုင် (၇) ရက်တွင် သဘောထား ထုတ်ပြန်ခဲ့သည်။

ရန်ကုန်မြို့၊ အင်းစိန်ထောင်အပါအဝင် နိုင်ငံတဝှမ်းလုံးရှိ အကျဉ်းထောင်များမှ "နိုင်ငံရေးအကျဉ်းသား" (၄၀၀) ခန့်ကို ယခုလဆန်းပိုင်းက လွှတ်ပေးခဲ့သည်ဟု နအဖပြည်ထဲရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်က ပြောကြားသည်။

ပြန်လည်လွှတ်ပေးခဲ့သူများကို နိုင်ငံရေးအကျဉ်းသားဟု ရည်ညွှန်းသည့် ဝေါဟာရ ပထမဆုံးအကြိမ် စစ်အစိုးရမှ သုံးစွဲခဲ့ခြင်းဖြစ်သည်။ ယခင်က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား လုံးဝမရှိဟု တလျှောက်လုံးပြောဆိုခဲ့သည်။

ပြန်လည်လွှတ်ပေးခဲ့သည့် နိုင်ငံရေးအကျဉ်းသားအရေအတွက်ကို မြန်မာစစ်အစိုးရက ယနေ့ထိ တိကျစွာထုတ်ပြန်ခြင်းမရှိခဲ့သဖြင့် စာရင်းကောက်ယူရာတွင် ကွာဟမှုများရှိနေသည်။

ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဇူလိုင်လဆန်းတွင် ပြန်လွှတ်လာသူ နိုင်ငံရေးအကျဉ်းသား (၃၄၁) ဦး၏ စာရင်းကောက်ယူထားပြီးဖြစ်သည်ဟု ပြောသော်လည်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (အေအေပီပီ) က (၂၅၀) ဦးသာ စာရင်းရရှိသေးကြောင်း ပြောကြားခဲ့သည်။

ဇူလိုင် (၆) ရက်နေ့ ပြန်လွှတ်လာသူများထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစိန်လှဦး၊ ဦးခင်မောင်ကြည်၊ ဦးစိုးမြင့်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားခေါင်းဆောင်ဟောင်း ဦးလှရွှေ၊ ကဗျာဆရာ မောင်အောင်ပွင့်နှင့် ထောင်ထဲတွင် (၂၂) နှစ်ကြာ ဖမ်းဆီးထိန်းသိမ်းခံထားရသော ကေအဲန်ယူရဲဘော် (၇) ဦးတို့ ပါဝင်သည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ အထင်ရှားဆုံးနိုင်ငံရေးအကျဉ်းသား ဒေါ်အောင်ဆန်းစုကြည်မှာမူ နေအိမ်အကျယ်ချုပ် ကျခံနေရဆဲဖြစ်သည်။ အခြားထင်ရှားသည့် နိုင်ငံရေးအကျဉ်းသားတဦးဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဦးဝင်းတင်ကို နအဖက လွှတ်ပေးမည့်ဟန်ပြခဲ့သော်လည်း နောက်ဆုံးတွင် ပြန်လွှတ်ပေးခဲ့ခြင်းမရှိ။

အသက် (၇၇) နှစ်အရွယ်ရှိ သတင်းစာဆရာကြီး ဦးဝင်းတင်အပေါ် စစ်အစိုးရ၏ပြုမူဆက်ဆံပုံမှာ စိတ်ပိုင်း ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုဖြစ်သည်ဟု အေအေပီပီက "မတရားဖမ်းဆီး နှိပ်စက်မှုဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့" ထံ ဇူလိုင် (၁၈) ရက်နေ့ကတိုင်ကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်ကုန်ပိုင်းက နအဖဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဖယ်ရှားကာ စစ်ထောက်လှမ်းရေးအဖွဲ့ ဖျက်သိမ်းပြီးချိန်မှစ၍ စစ်အစိုးရက အကျဉ်းသား တသောင်းခွဲခန့် လွှတ်ပေးခဲ့ရာတွင် နိုင်ငံရေးကျဉ်းသား အနည်းငယ်သာပါဝင်ခဲ့သည်။ ယခုနောက်ဆုံး ပြန်လွှတ်ပေးမှု မတိုင်မီအချိန်အထိ မြန်မာနိုင်ငံအကျဉ်းထောင်များတွင် အကျဉ်းသားဦးရေ (၁,၃၅၀) ကျော် ကျန်ရှိနေသေးသည်ဟု နိုင်ငံတကာလွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထုတ်ပြန်ထားသည်။ ❖

## မွန်ပြည်နယ်အတွင်းမှ နအဖစစ်တပ်၏ မုဒိမ်းမှုများ

မွန်ပြည်နယ်အတွင်း နအဖစစ်တပ်မှ အမျိုးသမီးများကို အဓမ္မပြုကျင့်မှုများအား အသေးစိတ်စာရင်းပြုစုထားသည့် "စစ်တန်းလျားများဆီ အလုလျှောက်ပြခြင်း" အမည်ရှိ အစီရင်ခံစာတစောင်ကို မွန်လူ့အခွင့်အရေးနှစ်ဖွဲ့ဖြစ်သည့် အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ် (မြန်မာနိုင်ငံတောင်ပိုင်း)နှင့် မွန်လူ့အခွင့်အရေးဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး ဇူလိုင် ၁၈ ရက်တွင် ထုတ်ပြန်လိုက်သည်။

ယင်းအစီရင်ခံစာတွင် ၁၉၉၅ ခုမှ ၂၀၀၄ ခုအထိ မွန်ပြည်နယ်အတွင်း နအဖတပ်မှ အမျိုးသမီး ၅၀ ခန့်တို့အား ကျူးလွန်ခဲ့သော လိင်ကိစ္စအကြမ်းဖက်မှုများကို စုစည်းဖော်ပြထားသည်။ ၁၉၉၅ တွင် မွန်ပြည်သစ်ပါတီနှင့် နအဖတို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရခဲ့သော်လည်း မွန်ပြည်နယ်အတွင်း နအဖ တပ်ရင်း၂၀ ကျော် တိုးချဲ့ချထားမှုကြောင့် ဤကဲ့သို့လိင်ကိစ္စအကြမ်းဖက်မှုများ တိုးများလာခြင်းဖြစ်ပြီး ရေးမြို့နယ်တွင် အများဆုံးဖြစ်ပျက်နေကြောင်း အစီရင်ခံစာတွင်တင်ပြထားသည်။

၂၀၀၂ ခုတွင် ရှမ်းအမျိုးသမီး လှုပ်ရှားမှုအဖွဲ့ (SWAN) က "မုဒိမ်းကျင့်ခွင့်လိုင်စင်"အမည်ဖြင့်၎င်း၊ ၂၀၀၄ ခုတွင် ကရင်အမျိုးသမီးအစည်းအရုံး (KWO) က "ကျယ်လောင်လှသော တိတ်ဆိတ်မှုများ" အမည်ဖြင့်၎င်း၊ ရှမ်းနှင့် ကရင်တိုင်းရင်းသူတို့အပေါ် နအဖတပ်၏ အဓမ္မကျင့်ကြံမှုများကို အစီရင်ခံစာများ အသီးသီး ထုတ်ပြန်ခဲ့သည်။

❖

### ၂၀၀၅ ခုအတွင်း ဖမ်းဆီးသော နိုင်ငံရေးအကျဉ်းသားများစာရင်းမှ ...

| စဉ် | အမည် | အဖွဲ့အစည်း | လိပ်စာ | ဖမ်းဆီး/ထောင်ကျနေ့စွဲ |
|---|---|---|---|---|
| ၄၅။ | အမည်မသိ | စဝ်ကိုင်ဖ၏သက်တော်စောင့် SSA(North) | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၅-၇-၀၅ |
| ၄၆။ | အမည်မသိ | စဝ်ကိုင်ဖ၏သက်တော်စောင့် SSA(North) | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၅-၇-၀၅ |
| ၄၇။ | အမည်မသိ | စဝ်ကိုင်ဖ၏သက်တော်စောင့် SSA(North) | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၅-၇-၀၅ |
| ၄၈။ | အမည်မသိ | စဝ်ကိုင်ဖ၏သက်တော်စောင့် SSA(North) | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၅-၇-၀၅ |
| ၄၉။ | ဦးချစ်ဆွေ | သံလျင် NLD ဒုဥက္ကဋ္ဌ | သံလျင်၊ ရန်ကုန်တိုင်း | ၁၂-၇-၀၅ |

**ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ**

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီအနာဂတ်နှင့်ပတ်သက်၍ အာဆီယံ၏ ပဓာနကျသောအခန်းကဏ္ဍ

သတင်းထုတ်ပြန်ချက်

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်။
၂၀၀၅ ခုနှစ်၊ ဇူလိုင် ၂၆ ရက်။

မြန်မာစစ်တပ်သည် "မိမိ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အပေါ် အာရုံစူးစိုက်နိုင်ရန်" အတွက်ဟု ဆိုကာ ၂၀၀၆ ခု အာဆီယံ ဥက္ကဋ္ဌတာဝန်ယူရေးကို ဆိုင်းငံ့ပေးရန် ပန်ကြားခဲ့လေသည်။ ဗီယင်ကျင်းမြို့တော် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးမှ ဤဖြစ်ထွန်းမှု အနေအထားအောက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ NCGUB အနေဖြင့် အာဆီယံအစိုးရများ၊ အထူးသဖြင့် စတင်ထူထောင်သူများကို ပြဿနာဖြေရှင်းရာ၌ ရှင်းလင်းပြတ်သားသည့် ချဉ်းကပ်ပုံကြောင့်၎င်း၊ "မြန်မာနိုင်ငံဆိုင်ရာ အာဆီယံပါလီမန်အမတ်များအစု" AIPCM ကို အာဆီယံဒေသတွင်းရှိ အစိုးရအရာထမ်းများကြား မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သိမြင်နားလည်မှုတိုးမြင့်အောင် ကူညီစွမ်းဆောင်မှုကြောင့်၎င်း ကျေးဇူးတင်ရှိကြောင်း ပြောပြလိုပါသည်။

ပြဿနာ၏ အရင်းအမြစ်ဖြစ်သော အခြေခံမူလကိစ္စရပ်များမှာမူ ပြေလည်ခြင်းမရှိသေးဘဲ ဆက်လက်တည်ရှိနေဆဲ ဖြစ်ကြောင်းကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ NCGUB မှ ထပ်မံသတိပေးလိုပါသည်။ လောလောဆယ်တွင် မြန်မာနိုင်ငံသည် အာဆီယံ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုးထားသူများအနက် ပူးပေါင်းဆောင်ရွက်မှုအနည်းဆုံးနိုင်ငံ ဆက်လက်ဖြစ်နေသည်။ မြန်မာစစ်ဗိုလ်ချုပ်များသည် အာဆီယံ၏လိုအင်ဆန္ဒများကို ဂရုမမူဆုံးသောသူများဖြစ်နေပြီး အာဆီယံ၏အကျိုးစီးပွားများကို နှောင့်ယှက်ရာကျသည့် လုပ်ရပ်များ တာဝန်မဲ့စွာဖြင့် ထပ်ခါထပ်ခါပြုလုပ်နေခဲ့သည်၊ အာဆီယံခေါင်းဆောင်များသို့ ကတိခံဝန်များအား ဖောက်ဖျက်ခဲ့သည်၊ နိုင်ငံတကာဆက်ဆံရေးများတွင် လုပ်ဖော်ကိုင်ဖက်အဖြစ် အာဆီယံ၏ ထိရောက်မှုကို လျော့ပါးစေခဲ့သည်။ ဤသည်တို့ကား မမေ့အပ်သည့် အချက်အလက်များဖြစ်လေသည်။

မြန်မာစစ်ဗိုလ်ချုပ်များ အမျိုးသားညီလာခံမှတဆင့် စတင်အကောင်အထည်ဖော်လျက်ရှိသည့် "လမ်းပြမြေပုံ" ဖြစ်စဉ်အားဖြင့် "ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်" ဆိုသောအရာမှာ တိုင်းပြည်တွင် စစ်တပ်အုပ်စိုးမှု အရှည်တည်တံ့ရေးကို ဥပဒေကြောင်းအရ တရားဝင်အောင် ကြိုးပမ်းချက်တရပ်သာဖြစ်သည်။

အဆိုပါညီလာခံနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားနိုင်ငံရေးပါတီများ၏ သဘောထားအမြင်များကို လက်ခံစဉ်းစားမှုမပြုသရွေ့ အမျိုးသား ညီလာခံနှင့် လမ်းပြမြေပုံဖြစ်စဉ်သည် ပြည့်စုံနိုင်မည်မဟုတ်။ အများ၏ယုံကြည်စိတ်ချခံရမှု ချို့တဲ့နေသဖြင့် ဒေသတွင်းတိုင်းပြည်များ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အပြည့်အဝထောက်ခံမှုကို ရယူနိုင်မည်မဟုတ်" ဟုပြောခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းရေးမှူး ပါမောက္ခဆာဂျီယိုပင်နဲရိုးကလည်း ညီလာခံသည် "အဓိပ္ပါယ်ကင်းမဲ့ပြီး ဒီမိုကရေစီမကျသော လုပ်ဆောင်ချက်တရပ်" ဖြစ်သည်ဟု ဝေဖန်ခဲ့သည်။

သို့ဖြစ်၍ အာဆီယံသည် မြန်မာစစ်ဗိုလ်ချုပ်များ ကတိတည်ရေး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦး နှင့် အခြားနိုင်ငံရေးအကျဉ်းသားများကို ချက်ခြင်းခြွင်းချက်မရှိ ပြန်လွှတ်ကာ စစ်မှန်သည့် ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများ စတင်ဖော်ဆောင်ရေးတို့ကို ဆက်လက်တောင်းဆိုရမည်ဖြစ်သည်။

အာဆီယံသည် ဤ ၂၀၀၆ ခု ဥက္ကဋ္ဌရာထူးကိစ္စတခုတည်းနှင့် ပတ်သက်၍ မိမိ၏ဆွေးနွေးဖက်များနှင့် တင်းမာနေမှုကို ယာယီအားဖြင့် ကျော်လွှားနိုင်ခဲ့ပုံရသည်။ သို့ရာတွင် နိုင်ငံရေးနှင့် လူ့အခွင့်အရေးပြဿနာများ မဖြေရှင်းနိုင်သရွေ့ မြန်မာနိုင်ငံသည် အာဆီယံနှင့်အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂတို့ ဆက်ဆံရေးအပေါ် ဆက်လက်အရိပ်ထိုးနေဦးမည်ဖြစ်သည်။ မြန်မာစစ်တပ်သည် နိုင်ငံတွင်း၌ အရေးပါသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံတကာ၏ တောင်းဆိုလှုံ့ဆော်မှုများကို ဆက်လက်လျစ်လျူရှုမြဲ လျစ်လျူရှုနေဦးမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်သည်။ စင်စစ် အားဖြင့် ယခုဖြစ်ရပ်သည် မြန်မာစစ်ဗိုလ်ချုပ်များအနေဖြင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီလှုပ်ရှားမှုအား ပို၍ထိပ်တိုက်ရင်ဆိုင်ရပ်တည်မည့် အတိတ်နိမိတ်ဆိုးပင်ဖြစ်သည်။

မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးဖြစ်စဉ်တွင် အာဆီယံ၏ အခန်းကဏ္ဍသည် ပြီးဆုံးခြင်းမရှိသေးပါ။ ဒေသအကျိုးအတွက် အာဆီယံသည် မနေးအမြန် မပျက်မကွက်လှုပ်ရှားရပါမည်။ သို့မှသာ အာဆီယံ၏ နိုင်ငံတကာဆိုင်ရာ ဂုဏ်သိက္ခာသည်၎င်း၊ အာဆီယံပြည်သူများမှ မိမိတို့၏ဒေသဆိုင်ရာအသင်းကြီးအပေါ် မျှော်လင့်အားထားမှုနှင့် ဂုဏ်ယူမှုတို့သည်၎င်း၊ အစွန်းအထင်း အထိအခိုက်မရှိ ဖြစ်ပါလိမ့်မည်။

❖

စာမျက်နှာ (၁) ညွှန့်ပေါင်းအစိုးရမှ ...

ချုပ် ဒေါက်တာစိန်ဝင်းက ပြောဆိုလိုက်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဗွီအိုအေအသံလွှင့်ဌာနက ဒေါက်တာစိန်ဝင်းကို ယခုလို ဆက်သွယ်မေးမြန်းထားသည်။

**ဗွီအိုအေ။** ။ ဒေါက်တာစိန်ဝင်းတို့ ဒီ NCGUB ကနေ ကြေညာချက်တရပ် ထုတ်ပြန်လိုက်တယ်။ အဲဒါကတော့ မြန်မာနိုင်ငံ အာဆီယံဉက္ကဋ္ဌလုပ်ရေးနဲ့ပတ်သက်လို့ သူတို့က ဆုံးဖြတ်တယ်၊ သူတို့ မလုပ်တော့ဘူးလို့ဆိုပြီးတော့။ အဲ့ဒါနဲ့ပတ်သက်လို့ ဝန်ကြီးချုပ်ရုံးကပြောပါတယ်၊ ဒါဟာ ကြိုဆိုထိုက်တဲ့ဟာဖြစ်တယ်၊ နောက်ပြီးတော့ အာဆီယံမူလအဖွဲ့ဝင်တွေကို ကျေးဇူးတင်ကြောင်း၊ ဒါပေမယ့် ပြဿနာတွေမပြေလည်သေးဘူး၊ ရှိသေးတယ်လို့ ဆိုထားတယ်။

**ဒေါက်တာစိန်ဝင်း။** ။ ဟုတ်ကဲ့ခင်ဗျား။ ခုနပြောသလိုပေါ့နော်။ အာဆီယံကနေပြီးတော့ အရေးယူလာတယ်၊ ဖိအားပေးလာတာကို ကျနော်တို့ကြိုဆိုတယ်။ ပြည်တွင်းရေးက တခြားနိုင်ငံတွေကို ထိခိုက်ရင် ဒီလိုပဲဖြစ်မှာပဲ။ ဒါပေမဲ့လို့ အခုဒီအာဆီယံဉက္ကဋ္ဌရာထူးကို မရတာဟာဘာဖြစ်လို့လဲဆိုတော့ ဗမာပြည်မှာ ပြုပြင်ပြောင်းလဲရေးမလုပ်လို့ပဲ။ လုပ်မယ်လို့လည်းကတိမပေးဘူး။ မလုပ်လည်း မလုပ်ဘူး။ နောက်ပြီးတော့ ဟိုလိုဒီလိုလျှောက်ပြောနေတာပေါ့နော်။ အဲ့ဒီလို ပြုပြင်ပြောင်းလဲရေးမလုပ်တဲ့အတွက် ဒီလိုဖြစ်ပေါ်လာတယ်ဆိုတော့၊ ကျနော်တို့လိုချင်တာ ပြုပြင်ပြောင်းလဲရေးလုပ်စေချင်တယ်၊ ဗမာပြည်မှာ။ ဒါလိုအပ်နေတယ်၊ ပြည်သူလူထုအတွက်လည်းလိုအပ်တယ်၊ တိုင်းပြည်အတွက်လည်း လိုအပ်နေတယ်။ အဲဒီတော့ ဒါကိုဆက်လက်ပြီးတော့ မလုပ်ဘူးဆိုတဲ့ သဘောပေါက်နေတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့အနေနဲ့ ဒါကို ထောက်ပြတာပါ။ အာဆီယံ ဉက္ကဋ္ဌ မယူဘူးဆိုတာနဲ့ ဒါပွဲကမပြီးဘူး။ သူတို့တွေအနေနဲ့ ဆက်ပြီးတော့တခုခုလုပ်ပြရမယ်။

**ဗွီအိုအေ။** ။ ဟုတ်ကဲ့။ အဲ့ဒီတော့ မြန်မာအစိုးရက အရင်တုံးကပြောလေ့ရှိတယ်။ ဒါတွေဟာ ပြည်တွင်းရေးရာတွေဖြစ်တယ်။ ဖိအားပေးတာတွေဟာ ဘာမှထိရောက်မှာမဟုတ်ဘူးပြောတယ်။

**ဒေါက်တာစိန်ဝင်း။** ။ ကျနော်တို့ အမြဲတမ်းပြောနေတာပဲ။ တကယ်ဖိအားပေးရင် ထိရောက်ပါတယ်။ခုကတော့ အာဆီယံက မိမိရဲ့ အကျိုးစီးပွားနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်။ ဒါကြောင့်မို့လို့ သူ့အကျိုးစီးပွားကို သူကာကွယ်တာပဲ။ ကာကွယ်တဲ့အခါကျတော့ ဖိအားပေးတယ်။အကယ်၍ နအဖက မလိုက်လျောဘူးဆိုရင် နောင်ပေါ်လာမဲ့ အကျိုးဆက်တွေထဲမှာ အာဆီယံကတောင်မှ ထုတ်ပစ်နိုင်တဲ့ အခြေအနေတွေဖြစ်ပေါ်လာနိုင်တယ်။ အဲဒီတော့ ဒီလိုအခြေအနေမျိုးမှာ နအဖအနေနဲ့ သူ့ရဲ့ ဉက္ကဋ္ဌရာထူး မယူရဘူးဆိုပြီးတော့ ကောင်းအောင်ပြောပြီးတော့ လျှော့လိုက်တယ်ဆိုတဲ့သဘောပေါ့။

NCGUB ဝန်ကြီး ဒေါက်တာစန်းအောင်ကလည်း "Chairmanship ကိုလက်လျှော့ရေးမဟုတ်ဘူး၊ ကျနော်တို့ပြောတာက ဒီမိုကရေစီအပြောင်းအလဲပြီးမှသာ Chairmanship ယူပါ။ ခုအခါကတော့ နိုင်ငံရေးအပြောင်းအလဲ မလုပ်ပေးနိုင်ဘူး။ ဒီမိုကရေစီပေါ်ထွန်းရေးကို သူတို့တွေအနေနဲ့ထပ်ပြီးတော့ အချိန်ဆွဲအုံးမယ်လို့ ရှင်းရှင်းလင်းလင်း ပြောလိုက်တာ။ နအဖက ပြုပြင်ပြောင်းလဲရေးမလုပ်ဘူး၊ အာဆီယံဉက္ကဋ္ဌနေရာ မရရင်နေပါစေ၊ သူတို့အနေနဲ့ ပြုပြင်ပြောင်းလဲရေး မလုပ်ဘူးဆိုတဲ့သဘောမျိုးဖြစ်တယ်။ ဒါ ဗမာပြည်မှာက ဒီအမျိုးသားပြန်လည်သင့်မြတ်ရေးကို အချိန်ပေးရမှာမို့လို့ အာဆီယံဉက္ကဋ္ဌရာထူး စွန့်လွှတ်တယ်ဆိုတာဟာ အင်မတန်ကိုယုတ္တိမဆန်တဲ့ အကြောင်းပြချက်ပဲဖြစ်ပါတယ်။ တကယ်တမ်းသာ ဗမာပြည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးလိုလားတယ်ဆိုလို့ရှိရင် ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ ဒီမိုကရေစီအင်အားစုတွေတောင်းဆိုတဲ့ တွေ့ဆုံဆွေးနွေးရေးကို ခုချက်ချင်း ဒီညတောင်မှဘဲ နအဖက အလိုရှိတယ်ဆိုရင် ချက်ချင်းပြဋ္ဌာန်းလို့ရပါတယ်"ဟုဧင်း၏အမြင်ကို ထုတ်ဖော်သွားသည်။ အာဆီယံခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံတွင် စစ်မှန်သည့်နိုင်ငံရေးအပြောင်းအလဲဖြစ်ဖို့ သေချာကျနသော စီမံကိန်းတရပ်ရှိရေး အာမခံချက်ရယူရန် နောက်ထပ်ခြေလှမ်း လှမ်းသင့်သည်ဟုလည်း ဒေါက်တာစန်းအောင်က ပြောသွားသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အလုပ်ဖြစ်ခဲ့သော သုံးမျိုးစပ် Troika စနစ်ကို မြန်မာနိုင်ငံအတွက် ကျင့်သုံးသင့်သည်ဟုလည်းပြောသွားသည်။

❖

## အမျိုးသားညွှန့်ပေါင်းအစိုးဝန်ကြီး ဆူနာမီမိသားစုများအား ကူညီအားပေး



ဇူလိုင်လ (၂) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွှန့်ပေါင်းအစိုးရ အရှေ့ဖက်ဒေသရုံးဝန်ကြီး ဒေါက်တာစန်းအောင်နှင့်အဖွဲ့သည် ထိုင်းနိုင်ငံတောင်ပိုင်း ဆူနာမီရေလှိုင်းဒဏ်သင့်ဒေသများသို့ သွားရောက်၍ ဆူနာမီဘေးသင့် မြန်မာမိသားစုများအား ကူညီထောက်ပံ့မှုများပြုလုပ်ကာ အားပေးခဲ့သည်။

ဒေါက်တာစန်းအောင်နှင့်အဖွဲ့သည် ခိုလတ်နှင့် ဘန်နမ်းခင်သို့သွားရောက်ပြီး TACDB, TBWSU, TAG နှင့် HREDC အဖွဲ့များမှ တာဝန်ရှိသူတို့အကူအညီဖြင့် ကျန်ရစ်သူ မြန်မာမိသားစုများအား ဘတ်ငွေ (၁၀၀၀) မှ (၇၀၀၀) အထိ ကူညီထောက်ပံ့ပေးပြီး နှစ်သိမ့်အားပေးခဲ့ရာ စုစုပေါင်း မြန်မာမိသားစုဝင် (၂၀၀) နီးပါးကို ကူညီနိုင်ခဲ့သည်။

❖

# အာဇာနည်နေ့ အခမ်းအနားကျင်းပ

ငါးဆယ့်ရှစ်ကြိမ်မြောက် အာဇာနည်နေ့အခမ်းအနားကို အတိုက်အခံအဖွဲ့အစည်းများက လွတ်မြောက်ဒေသတနေရာတွင် ဇူလိုင်လ (၁၉) ရက်က ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရကိုယ်စား ဖက်ဒရယ်ရေးရာဝန်ကြီး ခွန်းမားရ်ကိုဘန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ (MPU) ကိုယ်စား ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီကိုယ်စား ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလာဖန်းတို့ တက်ရောက် မိန့်ခွန်းများ အသီးသီးပြောကြသည်။ ထို့အပြင် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) ကိုယ်စား လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဘက်အတွင်းရေးမှူး (၁) ကိုငွေလင်း၊ မြန်မာနိုင်ငံကျောင်းသား လူငယ်များကွန်ဂရက် (SYCB) ကိုယ်စား ကိုသောင်းညွန့်၊ မြန်မာနိုင်ငံအမျိုးသမီးသမဂ္ဂ (BWU) ကိုယ်စား နော်လေးဒီ တို့က အာဇာနည်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သဘောထားများကို ဟောပြောသွားကြသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းက အဖွင့်အမှာစကား ပြောကြားရာ၌ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ်ကျင့်သုံးသည့် တပ်မတော်ဖြစ်ရေးကို တောင်းဆိုပြီး ပြည်တွင်း၌ စစ်အစိုးရက အာဇာနည်နေ့အခမ်းအနားကျင်းပခွင့်အပေါ် ချုပ်ချယ်ကန့်သတ်မှုများ ပြုလုပ်ခြင်းကို ပြင်းပြင်းထန်ထန်ဝေဖန်ရှုတ်ချလိုက်သည်။ ခွန်းမားရ်ကိုဘန်းက ဗိုလ်ချုပ်အောင်ဆန်း၏ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားတို့၏ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးသဘောထားများကို ဟောပြောသွားသည်။ အခြားဟောပြောသူများကလည်း စစ်အစိုးရမှ ဗိုလ်ချုပ်အောင်ဆန်း၏မူဝါဒများကို သစ္စာဖောက်ခြင်းများအား ဖွင့်ချဝေဖန်ခဲ့ကြသည်။

ဟောပြောကြပြီးနောက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအပါအဝင် အဖွဲ့အစည်းများမှ ပေးပို့သည့် အာဇာနည်နေ့အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်ဒေသ) မှ ဦးရန်နောင်မြင့်က ဖတ်ကြားသွားကာ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်း (MPU) က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ဟောပြောပွဲမပြုလုပ်မီ နံနက်ပိုင်းတွင် အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ သံဃာတော်များအား ဆွမ်းကပ်ကုသိုလ်ပြုကာ အမျှဝေခဲ့သည်။

❖

# နအဖဦးစီးသော အာဇာနည်နေ့အခမ်းအနား ဒေါ်အောင်ဆန်းစုကြည် မတက်

ရန်ကုန်မြို့တော်တွင် စစ်အစိုးရမှ ကြီးမှူး၍ ကျင်းပသော ငါးဆယ့်ရှစ်ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ အကျယ်ချုပ်ကျခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မတက်ရောက်နိုင်ဟု သိရသည်။

နအဖမှ ယဉ်ကျေးမှုဝန်ကြီးအဆင့်ကိုသာ ဦးစီးစေ၍ နှစ်စဉ် စတိသဘောကျင်းပသော အာဇာနည်နေ့ အခမ်းအနားများသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခြင်းမရှိသည်မှာ ဒီပဲယင်းလူသတ်ပွဲအပြီး အကျယ်ချုပ် စတင်ဖမ်းဆီးခံရသော ၂၀၀၃ ခုနှစ်၌ သုံးနှစ်ဆက်တိုက်ရှိသွားပြီဖြစ်သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်၏အကို ဦးအောင်ဆန်းဦးကမူ ၎င်းကိုယ်စား ယောက္ခမဖြစ်သူ ဦးနန်းနွယ်ကို အာဇာနည်နေ့ အခမ်းအနား တက်ရောက်စေသည်ဟု သိရသည်။ ဦးနန်းနွယ်မှာ ယခင်အာဏာရှင်ကြီး ဗိုလ်နေဝင်း၏ လက်ရင်းလူယုံတော်တဦးဖြစ်ခဲ့ပြီး ဦးအောင်ကြီးပါတီတွင် ထိပ်သီးတဦးလည်းဖြစ်ခဲ့သည်ဟု သတင်းများကဆိုသည်။

ရန်ကုန်မြို့ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဌာနချုပ်တွင်လည်း ငါးဆယ့်ရှစ်ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပခဲ့ရာ ဦးအေးသာအောင်ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ မင်းကိုနိုင်အပါအဝင် ၈၈ ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များစသဖြင့် ပရိသတ် ၄၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညွန့်ဝေက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၅၈ ကြိမ်မြောက် အာဇာနည်နေ့ ထုတ်ပြန်ကြေညာချက်ကို ဖတ်ကြားပြီး ဥက္ကဋ္ဌ ဦးအောင်ရွှေ၏ မိန့်ခွန်းကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်းက ဖတ်ကြားသည်။ ဥက္ကဋ္ဌမိန့်ခွန်းတွင် တိုင်းရင်းသားအားလုံးအကျိုးဝင်သော အမျိုးသားညီညွတ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းဆောင်ချက်များကို အလေးပေးပြောကြားသွားကာ ဗိုလ်ချုပ်အောင်ဆန်း၏ နမူနာအတိုင်း လျှောက်လှမ်းဖို့ နအဖ စစ်အစိုးရကို တိုက်တွန်းတောင်းဆိုခဲ့သည်ဟု သိရသည်။

စစ်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အာဇာနည်နေ့ အခမ်းအနားများကျင်းပရာတွင် နိုင်ငံရေးအသွင်မဆောင်ရန်၊ ဆွမ်းကျွေးကုသိုလ်ပြုမှုသာလုပ်ရန်၊ အာဏာပိုင်များထံမှ ကြိုတင်ခွင့်ပြုချက်တောင်းခံရန်စသည့် ကန့်သတ်ချုပ်ချယ်မှုအမျိုးမျိုး ချမှတ်ထားသည်။ ❖

# မြန်မာနိုင်ငံအား အမေရိကန်စီးပွားရေးဒဏ်ခတ်မှု သက်တမ်းတိုး

အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအား စီးပွားရေးဒဏ်ခတ်မှုဥပဒေကို နောက်ထပ် သက်တမ်းတိုးခြင်းအား ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ကြိုဆိုထောက်ခံလိုက်သည်။

မြန်မာနိုင်ငံအား စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်အရေးယူသည့် မြန်မာနိုင်ငံလွတ်လပ်မှုနှင့် ဒီမိုကရေစီဥပဒေကို အမေရိကန်ဆီးနိတ်အထက်လွှတ်တော်က ထောက်ခံ (၉၇) မဲ၊ ကန့်ကွက် (၁) မဲဖြင့် ဇူလိုင် (၁၉) ရက်က သက်တမ်းတနှစ် ထပ်တိုးလိုက်သည်ကို ယခုလို ကြိုဆိုလိုက်ခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းကို အမေရိကန်အောက်လွှတ်တော်က ဇွန်လအတွင်း အတည်ပြုခဲ့ပြီး ဇူလိုင် (၂၇) ရက်တွင် သမတဘုရှ်က လက်မှတ်ရေးထိုး အတည်ပြုလိုက်သည်။ ယင်းဥပဒေကို ဒီပဲယင်းအရေးအခင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အား နအဖစစ်အစိုးရမှ အကျယ်ချုပ် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် ၂၀၀၃ ဇူလိုင်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

၎င်းဥပဒေအရ မြန်မာနိုင်ငံမှပို့ကုန်များ အမေရိကန်သို့ တင်သွင်းမှုပိတ်ပင်ခြင်း၊ အမေရိကန်စီးပွားရေးလုပ်ငန်းများ မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှုကို တားမြစ်ခြင်း၊ စစ်အစိုးရနှင့် ကြံ့ဖွံ့ခေါင်းဆောင်များကို ဗီဇာပိတ်ပင်ခြင်းတို့ကို ချမှတ်ထားသည်။ စီးပွားရေးပိတ်ဆို့မှုကြောင့် ရန်ကုန်မှ အထည်ချုပ်စက်ရုံ (၁၆၀) ခန့် ပိတ်ပစ်ခဲ့ရ၍ အလုပ်သမား (၈) သောင်းကျော် အလုပ်လက်မဲ့ဖြစ်ရသည်ဟု စစ်အစိုးရ လက်အောက်ခံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စွပ်စွဲသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာစန်းအောင်က "အားလုံးညီညီညွတ်ညွတ်နဲ့ပေါ့နော်၊ ဗမာအရေးကိုစိတ်ဝင်တစားနဲ့ ထပ်ပြီးတော့ တနှစ်သက်တမ်းတိုးတယ်ဆိုတာ ဒါအင်မတန် ကောင်းပါတယ်။ ကျနော်တို့ ကြိုဆိုတယ်၊ ထောက်ခံတယ်။ ဒီအမေရိကန်အစိုးရအနေနဲ့ Sanction တွေ ဆက်ပြီးတော့ ဒီ့ထက်ပိုပြီးတော့ အရေးယူဆောင်ရွက်ဖို့လည်း ကျနော်တို့တိုက်တွန်းတယ်။ ဗမာပြည်အရေးကိစ္စက အခုအခါမှာတော့ ဒီမိုကရေစီဖြစ်ထွန်းမှုတွေ ကျနော်တို့လိုလားသလို ဖြစ်မလာဘူးဆိုတော့၊ ဒါကြောင့်မို့လို့ ပိုပြီးတော့၊ ကျနော်တို့ဆထက်ထမ်းပိုး ဒီနိုင်ငံတကာကနေပြီးတော့၊ အမေရိကန်အစိုးရက ဦးဆောင်ပြီးတော့၊ တက်တက်ကြွကြွ ဒီထက်ပိုပြီးတော့၊ လုပ်ပေးဖို့ကိုလည်းပဲ ကျနော်တို့တောင်းဆိုလိုပါတယ်" ဟု ပြောကြားသည်။

"အဓိကပြဿနာက ဈေးကွက်စီးပွားရေးဆိုပြီးတော့ တကယ်တမ်းလက်တွေ့မှာ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေတာမဟုတ်ဘူး။ နအဖနဲ့အပေါင်းပါတွေကပဲ လက်ဝါးကြီးအုပ်စီးပွားရေးစနစ် ကျင့်သုံးနေတာဖြစ်တယ်။ ဗမာပြည်မှာ အလုပ်သမားဥပဒေဆိုတာ ဘာမှမရှိဘူး။ နောက်တခုကတော့ အလုပ်သမားတွေရဲ့နစ်နာကြေးတွေကို ကာကွယ်ပေးမဲ့၊ ပြဿနာတွေကိုဖြေရှင်းပေးမဲ့၊ ဝါဏိဇ္ဇယန္တရားလည်း မရှိဘူး။ ဆိုတဲ့အခါကျတော့ ဗမာပြည်က အလုပ်သမားတွေအားလုံးဟာ ပြောမယ်ဆိုလို့ရှိရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကနေ အားလုံးကနေပြီးတော့ အလုပ်သမားအခွင့်အရေးတွေအားလုံး ဆုံးရှုံးတာပဲ။ နအဖကနေ လက်ခံထားလို့သာ နိုင်ငံတကာကနေ သွေးစုပ်နိုင်တာဖြစ်တယ်။ ကျနော်တို့ ဗမာပြည်မှာရှိတဲ့ စီးပွားပျက်နေတာဟာ အမေရိကန်ကနေပြီးတော့ပိတ်ဆို့တာကြောင့် မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ်အသုံးမကျလို့ မအုပ်ချုပ်တတ်ဘဲနဲ့ ဆက်ပြီးတော့ တိုင်းပြည်ကို အုပ်ချုပ်နေလို့ဖြစ်တဲ့ ပြဿနာပဲလို့ ကျနော်ပြောချင်ပါတယ်" ဟု ဒေါက်တာစန်းအောင်က ဗွီအိုအေနှင့် တွေ့ဆုံခန်းတွင် ဆက်လက်ပြောကြားသွားသည်။

**ဒေါက်တာစန်းအောင်။** ။ အမေရိကန်အနေနဲ့ သက်တမ်းတိုးတာ ကျနော်တို့ အနေနဲ့ကတော့ အများကြီးကြိုဆိုတယ်။ နအဖအနေနဲ့က အခုထက်ထိ အပြောင်းအလဲတစုံတရာ မလုပ်လို့လည်းပဲ ဒီအရိပ်လက္ခဏာ ဘာမှမတွေ့ရဘူး။ နောက် ခုထက်ထိ နိုင်ငံရေးအကျဉ်းသားတွေဆက်ပြီးတော့ ဖမ်းဆီးဆဲပဲဖြစ်တယ်။ ကျနော်တို့ သိသလောက်ဆိုလို့ရှိရင် ဒီနှစ်ဆန်းက စပြီးတော့ ဖမ်းထားတာ အခု အမတ် (၅) ယောက်အပါအဝင် အယောက် (၆၀) လောက်ကို ထောင်ချပြီးဖြစ်တယ်။ နောက်တခုက တိုင်းရင်းသားအပစ်အခတ်ရပ်တဲ့ အဖွဲ့တွေနဲ့လည်းပဲ ဆက်ဆံရေးကပျက်ပြားပြီးတော့ အတင်းအဓမ္မလက်နက်ချခိုင်းတဲ့ အနေအထားမျိုးဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ဗမာပြည်မှာ အခြေအနေတွေ ပိုပိုပြီးတော့ဆိုးလာတဲ့ အခြေအနေမျိုးမှာ အမေရိကန်သမတအနေနဲ့ ဒီလို စီးပွားရေးပိတ်ဆို့မှုဥပဒေကို သက်တမ်းတိုးတယ်ဆိုတာ အင်မတန် အချိန်အခါသင့်လျော်တယ်၊ အင်မတန်မှန်ကန်တဲ့ လုပ်ရပ်ဖြစ်တယ်၊ ကျနော်တို့အနေနဲ့ အများကြီး ကြိုဆိုပါတယ်။

**ဗွီအိုအေ။** ။ ဒေါက်တာ ဦးစန်းအောင်ခင်ဗျား။ မြန်မာအစိုးရက အာဆီယံရဲ့ ၂၀၀၆ ခုနှစ် အတွက် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို သူတို့ မယူတော့ဘူးလို့ အင်္ဂါနေ့က ကြေညာခဲ့ပါတယ်။ တပြိုင်တည်းမှာပဲ တရုတ်နိုင်ငံခြားရေးဝန်ကြီး လီရှောင်စင်း အခု ရန်ကုန်ရောက်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့နေတယ်ခင်ဗျား။ အဲ့ဒီဖြစ်ပေါ်မှုတွေနဲ့ အခု အမေရိကန်သမတရဲ့ စီးပွားရေးပိတ်ဆို့မှုဥပဒေ သက်တမ်းတိုးလိုက်တဲ့ကိစ္စတွေပေါင်းလိုက်ရင် မြန်မာအစိုးရကို တရုတ်ပြည်နဲ့ ပိုပြီးရင်းနှီးအောင်၊ ပိုပြီးတော့ပူးပေါင်းအောင် တွန်းပို့ပေးလိုက်သလိုကော မဖြစ်နိုင်ဘူးလားခင်ဗျ။

**ဒေါက်တာစန်းအောင်** ။ ။ ကျနော်တို့ မြင်တာကတော့ နအဖနဲ့တရုတ်အစိုးရ ပိုပြီးနီးစပ်တာကတော့ အခုမှမဟုတ်ပါဘူး။ အရင်ကတည်းကိုက နီးစပ်နေတာဖြစ်တယ်။ ဒါကြောင့်မို့လို့ ပိုပြီးတော့နီးစပ်မှာကို ကျနော်တို့ ကြောက်လို့ စိုးရိမ်လို့ ကျနော်တို့ဘာမှမလုပ်ဘူးဆိုရင် ဗမာပြည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလည်း ဘာမှ ဖြစ်လာမှာမဟုတ်ဘူးလို့ ကျနော်တို့မြင်ပါတယ်။ အာဆီယံတိုင်းပြည်တွေဟာ ၁၉၈၈ ခုနှစ်က စပြီးတော့ပေါ့နော်၊ အပြုသဘော ဆက်ဆံရေးကိုပဲ လုပ်လာခဲ့တယ်။ အာဆီယံရဲ့ ဒီလို အလျှော့ပေးတဲ့ မူဝါဒကြောင့် ဗမာပြည်ရဲ့ အခြေအနေတွေဟာ တိုးတက်လာတယ်ဆိုတာကို မယ်မယ်ရရပြစရာ တစုံတရာမှမရှိပါဘူး။ အမေရိကန်နဲ့ အီးယူကနေပြီးတော့ အာဆီယံနိုင်ငံတွေကနေတဆင့် ဖိအားပေးတယ်။ ပေးတဲ့အတွက်ကြောင့်မို့လို့သာ ဗမာပြည်ဟာ ဒီအလှည့်ကျသဘာပတိအခြေအနေကို စွန့်လွှတ်ရတာဖြစ်တယ်။ အမေရိကန်ကနေပြီးတော့

စာမျက်နှာ (၁၁) ကော်လံ (၃) သို့ ...

# ကရင်အမျိုးသားအစည်းအရုံးမှ နအဖဥက္ကဋ္ဌသို့ အိတ်ဖွင့်ပေးစာထုတ်ပြန်



ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ဥက္ကဋ္ဌ စောဘသင်စိန်က နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အိတ်ဖွင့်ပေးစာတစောင်ကို ဇွန်လ (၃၀) ရက်နေ့က ထုတ်ပြန်လိုက်သည်။

အိတ်ဖွင့်ပေးစာတွင် ယနေ့ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေဆိုးများအရ ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်ဆိုင်းပြီး ကရင်အမျိုးသားတို့၏အရေးကိစ္စများကို ကေအဲန်ယူမှ နအဖနှင့် တရားမျှတစွာဆွေးနွေးဖြေရှင်းလိုလားသည့် အားလျော်စွာ ၂၀၀၄ ဇန်နဝါရီလတွင် နှစ်ဖက်အပစ်အခတ်ရပ်ဆိုင်းရေး လူကြီးလူကောင်းသဘောတူညီချက် ပြုလုပ်ခဲ့ကြောင်း၊ သို့သော်လည်း စစ်အစိုးရမှ ကေအင်ယူကို ခေါင်းပြမှု၊ ဖိုးခွဲမှုများဖြင့် လူသိရှင်ကြား စွပ်စွဲပုတ်ခတ်ခဲ့သဖြင့် ၎င်းစွပ်စွဲချက်များကို ကေအဲန်ယူမှ အလေးအနက်ကန့်ကွက်ကြောင်း ဖော်ပြထားသည်။

ပြဿနာအရပ်ရပ်ကို စစ်ရေးနည်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းဖြင့်သာဖြေရှင်းရန်နှင့် အားလုံးအတွက် အကောင်းဆုံးအဖြေတခုရှာနိုင်ရန် တပြည်လုံးအပစ်အခတ်ရပ်စဲရေး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရေး၊ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများ ရုပ်သိမ်းရေးနှင့် ကုလသမဂ္ဂဆုံးဖြတ်ချက်အတိုင်း သုံးဘက်တွေ့ဆုံဆွေးနွေးရေးတို့ကို တိုက်တွန်းထားသည်။ ❖

**စာမျက်နှာ (၁၀) မှ ...**

စီးပွားရေးပိတ်ဆို့မှုအပါအဝင် ဖိအားတွေ ပေးတာကြောင့်မို့လို့သာ ဗမာပြည်ဟာ အပြောင်းအလဲတွေဖြစ်လာတယ်လို့ ကျနော်တို့ယုံတယ်။ နအဖဟာ ဖိအားအလုံလောက်ပေးရင် သူ့အနေနဲ့ အပြောင်းအလဲတွေလုပ်ပါတယ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ ဗမာပြည်ကို သွားလည်တယ်ဆိုတာ ပိုပြီးတော့ ချစ်ကြည်အောင်သွားတာ ဖြစ်နိုင်ပါတယ်။

**ဗွီအိုအေ ။** ။ တရုတ်အစိုးရက သူတို့မြန်မာပြည်ဘက်မှာ ခိုင်ခိုင်မာမာရှိတယ်ဆိုတာ သံတမန်နည်းအရ သွယ်ဝိုက်ပြီးပြသလိုက်တဲ့ သဘောလားခင်ဗျ။

**ဒေါက်တာစန်းအောင်။** ။ အဲ့လိုလည်း ကျနော်တို့ ကောက်ချက်ချလို့ရမယ် လို့ထင်ပါတယ်။ ❖

● နောက်ကျောဖုံးမှ ...

ကြောင့် မိမိတို့ချစ်ခင်မြတ်နိုးလေးစားသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီးများ အချိန်မတိုင်မီ ကျဆုံးခဲ့ကြရသည်ကိုငင်း၊ နောက်ဆက်တွဲဖြစ်ပေါ်ခဲ့သော သမိုင်းဖြစ်စဉ်များအားငင်း၊ ယနေ့တိုင်းပြည်၏ ပကတိအခြေအနေနှင့် အာဇာနည်ခေါင်းဆောင်များ၏ မူလမျှော်မှန်းချက်များ ကိုက်ညီမှုရှိမရှိကိုငင်း သေချာစွာပြန်လည်စိစစ်သုံးသပ်ကြပြီး တိုင်းပြည်နှင့်ပြည်သူလူထု၏ အကျိုးအတွက် ၎င်းတို့ချမှတ်ခဲ့ကြသော လမ်းညွှန်ချက်များကို ဗိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်ဟူသော သံဓိဋ္ဌာန်များခိုင်မာစွာချမှတ်၍ လက်တွေ့လည်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့်သာ မိမိတို့၏လေးစားမှုကို လက်တွေ့ပြသရာရောက်မည်ဖြစ်ပြီး အမျိုးသားရေးတာဝန် အမှန်တကယ်ကျေပွန်သူများ ဖြစ်ကြမည်ဟု ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက အလေးအနက်ခံယူသည်။

**၉။** ၎င်းခံယူချက်နှင့်အညီ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အားလုံးသောအမျိုးသားအာဇာနည်ခေါင်းဆောင်ကြီးများ၏ မူလရည်မှန်းချက်များဖြစ်ရုံသာမက ယနေ့တိုင်းပြည်၌ ပကတိလိုအပ်ချက်လည်းဖြစ်နေသော တမျိုးသားလုံးသွေးစည်းညီညွတ်မှုရရှိရေး၊ ဒီမိုကရေစီစံနစ်ထွန်းကားရေးနှင့် တိုင်းရင်းသားလူမျိုးတိုင်း၏ တန်းတူညီမျှအခွင့်အရေးများ၊ မိမိကြမ္မာမိမိဖန်တီးပိုင်ခွင့်များကို အပြည့်အဝအာမခံမည့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာရေးတို့အတွက် ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားအင်အားစုများအားလုံး၊ ဒီမိုကရေစီအင်အားစုများအားလုံး၊ ပြည်သူတရပ်လုံးနှင့် ခိုင်မာစွာလက်တွဲ၍ အစွမ်းကုန်ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အလေးအနက်အဓိဋ္ဌာန်ပြုလိုက်သည်။

**၁၀။** နအဖစစ်ဗိုလ်ချုပ်ကြီးများအနေနှင့်လည်း မိမိတို့သည် တပ်မတော်၏ဖခင်၊ အမျိုးသားအာဇာနည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားအာဇာနည်ခေါင်းဆောင်များကို အမှန်တကယ်လေးစားသော၊ အမျိုးသားရေးတာဝန်ကျေပွန်သော တပ်မတော်ခေါင်းဆောင်များဖြစ်ကြောင်း သက်သေပြလိုကြပါက ယနေ့တိုင်းပြည်၌ မရှိမဖြစ်လိုအပ်နေသော အမျိုးသားချင်းပြန်လည်သင့်မြတ်မှုရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးခြင်း၊ တိုင်းရင်းသားဒေသများ၌ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရေးအရ ထိုးစစ်ဆင်တိုက်ခိုက်နေမှုများ၊ ပြည်သူလူထုအပေါ် မတရားသဖြင့် ဖိနှိပ်အုပ်ချုပ်မှုများကို အမြန်ဆုံးရပ်တန့်ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းအဖြေရှာမှုများပြုလုပ်ခြင်း၊ ထိုမှတဆင့် စစ်မှန်သော တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များပါ မျက်နှာစုံညီပါဝင်သည့် ပင်လုံညီလာခံကဲ့သို့သော အမျိုးသားညှိနှိုင်းမှုညီလာခံများ ပေါ်ထွန်းလာရေးအတွက် ညှိနှိုင်းပြင်ဆင်ခြင်း စသည်တို့ကို စံနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် သက်သေပြကြပါရန်နှင့် ၎င်းနည်းအားဖြင့် တပ်မတော်၏ဂုဏ်ရည်ကို ပြန်လည်မြှင့်တင်သွားကြရန် ၎င်း (၅၈) နှစ်မြောက် အာဇာနည်နေ့၌ လေးနက်တည်ကြည်စွာတိုက်တွန်းလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားလုံးကို လေးစားစွာ ဦးညွှတ်အလေး ပြုလျှက်----

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက်။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်။

**NATIONAL COALITION GOVERNMENT OF THE UNION OF BURMA**
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

## (၅၈) ကြိမ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် သဘောထား ထုတ်ပြန်ကြေညာချက်

၁။ ယနေ့သည် မြန်မာနိုင်ငံသမိုင်းတွင် ဖျောက်ဖျက်၍မရနိုင်သည့်၊ အကြီးမားဆုံးသောအမဲကွက်ကြီး ထင်ကျန်ရစ်စေခဲ့သည့်၊ မြန်မာပြည်သားတိုင်း မမေ့သင့်မမေ့အပ်သော ၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့ (သို့) အဖိနှိပ်ခံဗြိတိသျှကိုလိုနီဘဝမှ အမိမြန်မာပြည်လွတ်မြောက်ရေးအတွက် အစွမ်းကုန် ဦးဆောင်တိုက်ပွဲဝင်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ အမျိုးသားသစ္စာဖောက်တစု၏လက်ချက်ဖြင့် အချိန်မတန်မီ ကျဆုံးခဲ့ကြရသည့် သမိုင်းဝင်အာဇာနည်နေ့၏ (၅၈) နှစ်မြောက်နေ့ဖြစ်ပေသည်။

၂။ ဤကဲ့သို့ မသမာသူလူတစု၏ အတ္တစိတ်လွန်ကဲပြီး မိုက်မဲမှုကြောင့်၎င်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရမဖြေရှင်းဘဲ လက်နက်နည်းနှင့် အကြမ်းဖက်ဖြေရှင်းလိုစိတ်များကြောင့်၎င်း၊ သမိုင်းကို သွေးစွန်းစေခဲ့သည့် (၁၉) ဇူလိုင် နိုင်ငံတော်လုပ်ကြံမှုကြီးတွင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသော သခင်မြ၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွား စပ်စံထွန်း၊ ဦးရာဇတ်၊ ဒီဒုတ်ဦးဘချို နှင့် အတွင်းဝန်ဦးအုံးမောင်၊ ရဲဘော်ကိုထွေးတို့ပါ ကျဆုံးခဲ့ကြရပြီး မြန်မာ့နိုင်ငံရေးတွင် အစားထိုးမရသည့် ခေါင်းဆောင်ဆုံးရှုံးကင်းမဲ့မှုကြီးတရပ် (Leadership Vacuum) နှင့် နိုင်ငံရေးမတည်ငြိမ်မှုကို ဖြစ်ပေါ်စေခဲ့သလို တိုင်းပြည်၏အနာဂတ်မှာလည်း မရေမရာမသေမချာ ဖြစ်ခဲ့ရသည်။

၃။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း၌ ပါလီမန်ဒီမိုကရေစီစံနစ်ကို ခံယူကျင့်သုံး၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားအာဇာနည် ခေါင်းဆောင်ကြီးများ၏ မူလရည်မှန်းချက်များဖြစ်ကြသည့် ကျစ်လစ်ခိုင်မာသော တိုင်းရင်းသားသွေးစည်းညီညွတ်မှုတည်ဆောက်ရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဘက်စုံတိုးတက်ခေတ်မီသော ပြည်ထောင်စုနိုင်ငံတော်တရပ် ပေါ်ထွန်းရေးတို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့ကြသည်။ သို့သော် အမျိုးသားသွေးစည်းညီညွတ်မှု ချိနဲ့အားနည်းခဲ့ခြင်း၊ ဒီမိုကရေစီအနှစ်သာရများထက် ပါတီကြီးဝါဒ၊ လူမျိုးကြီး ဝါဒနှင့် တဖက်တွင် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒများ အားသာလွှမ်းမိုးခဲ့ခြင်း၊ အခြေခံဥပဒေအတိုင်းလေးစားလိုက်နာမှုနှင့် အကောင်အထည် ဖော်ဆောင်ရွက်မှုများ အားနည်းခဲ့ခြင်း၊ စသည့်အားနည်းချက်များကြောင့် ပြည်တွင်း၌ တည်ငြိမ်ငြိမ်းချမ်းမှုကင်းမဲ့နေသော အခြေအနေများကို ပြန်လည် တည့်မတ်ရန် ဝိုင်းဝန်းကြိုးပမ်းနေခိုက်တွင် အခွင့်ကောင်းယူ၍ ၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့၌ စစ်တပ်ကလက်နက်နည်းနှင့် နိုင်ငံတော်အာဏာကို သိမ်းပိုက်ရယူပြီး အာဏာစက်ဖြင့် အုပ်ချုပ်ခဲ့ချိန်မှစ၍ မြန်မာတနိုင်ငံလုံး ဒီမိုကရေစီဆိတ်သုဉ်း၍ စစ်ဖိနပ်အောက်သို့ ကျရောက်ခဲ့ရသည်။

၄။ စစ်အာဏာရှင်စံနစ်သည် ကျဆုံးသွားခဲ့ကြပြီးဖြစ်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျှော်မှန်းလမ်းညွှန်ချက်များနှင့်သာမက တိုင်းရင်းသားလူမျိုးစုံမြန်မာပြည်သူတို့၏ ဆန္ဒများနှင့်ပါ လုံးဝဆန့်ကျင်နေသည့်အတွက် စစ်အာဏာရှင်စံနစ် စတင်သန္ဓေတည်ခဲ့သည့် ၁၉၆၂ ခုနှစ်ကတည်းကစတင်၍ မြန်မာကျောင်းသားကျောင်းသူများနှင့်တိုင်းရင်းသားပြည်သူများ၏ စစ်အာဏာရှင်စံနစ် ဆန့်ကျင်ရေးနှင့် ဒီမိုကရေစီပြန်လည်ထွန်းကားရေးအတွက် ကြိုးပမ်းလှုပ်ရှားမှုများ အခါအခွင့်သင့်တိုင်းပေါ်ပေါက်ခဲ့သည်။

၅။ ၁၉၈၈ ဩဂုတ်လတွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် အုံကြွပေါက်ကွဲခဲ့သည့် သမိုင်းဝင်ရှစ်လေးလုံး ဒီမိုကရေစီလှုပ်ရှားမှုကြီးသည် မြန်မာကျောင်းသား ပြည်သူတို့၏ စစ်အာဏာရှင်ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းပြမှုနှင့် စစ်မှန်သောဒီမိုကရေစီလိုလားမှုဆန္ဒများကို အရှင်းလင်းအပြတ်သားဆုံး ထုတ်ဖော်ပြသ ခဲ့ကြသည့် အကြီးမားဆုံးသော လူထုလှုပ်ရှားမှုကြီးတခုဖြစ်သည်။ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ အရေးအပါဆုံးသော အကျိုးဆက်အဖြစ် ပေါ်ထွန်းလာခဲ့ရသော ၁၉၉၀ ပြည့်နှစ် မေလ (၂၇) ရက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည်လည်း မြန်မာပြည်သူတို့၏ ဒီမိုကရေစီဆန္ဒ များကို ရှင်းလင်းစွာထင်ဟပ်ပြသခဲ့သော မည်သို့မျှပယ်ဖျက်ပစ်၍မရနိုင်သည့် သမိုင်းမှတ်တိုင်တခုဖြစ်ပေသည်။

၆။ သို့သော် နအဖအပါအဝင် စစ်အာဏာရှင်အဆက်ဆက်က ပြည်သူလူထု၏ဆန္ဒများကိုသာမက ၎င်းတို့ကိုယ်တိုင် ကျင်းပပေးခဲ့ပြီး တရားမျှတလွတ် လပ်သော ရွေးကောက်ပွဲအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး၏ ရလဒ်များကိုပင် ပြောင်တင်းစွာဆန့်ကျင်၍ နိုင်ငံတော်အာဏာကို အဓမ္မဆက်လက်ချုပ်ကိုင်ထားခြင်း၊ မြန်မာပြည်သူလူထုအများစုကြီးသာမက နိုင်ငံတကာ၏ လေးစားအသိအမှတ်ပြုခြင်းကို ရရှိ ထားသော ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်သူလူထု၏ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေး ခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မတရားဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြည်သူလူထု၊ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများ၏ အခြေခံလူ့အခွင့်အရေးများကို ဆိုးဝါးစွာဖိနှိပ်ချိုးဖောက်ခြင်း၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရမဖြေရှင်းဘဲ အမြဲတမ်း လက်နက်နည်းနှင့်သာ အကြမ်းဖက် ဖြေရှင်းခြင်း စသည့် ယဉ်ကျေးသောလူ့အဖွဲ့အစည်း၌ လက်ခံနိုင်ဖွယ်ရာမရှိသော အခြေအနေဆိုးများကြောင့် နိုင်ငံတကာ၏ ဝိုင်းဝန်းပြစ်တင်ရှုတ်ချမှုများ၊ ပစ်ပယ်မှုများ၊ စီးပွားရေး၊ နိုင်ငံရေး၊ သံတမန်ရေးတို့အရ ပိတ်ဆို့အရေးယူမှုများကိုခံခဲ့ရပြီး ကမ္ဘာ့အလယ်၌ အလွန်မျက်နှာငယ်ရသော ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံတခုဘဝသို့ မြန်မာပြည်ဆိုက်ရောက်ခဲ့ရခြင်းဖြစ်သည်။

၇။ တချိန်တည်းမှာပင် အုပ်ချုပ်စီမံခန့်ခွဲမှု အရည်အသွေးများကင်းမဲ့ညံ့ဖျင်းကြသော စစ်အာဏာရှင်ဗိုလ်ချုပ်များက အသိပညာရှင်၊ အတတ်ပညာရှင် များ၏ အခန်းကဏ္ဍကို ပစ်ပယ်ထားပြီး ထင်ရာစိုင်းမှုများ၊ ကိုယ်ကျိုးစီးပွါးရှာမှုများ၏ အကျိုးဆက်များအဖြစ် ဒေသတွင်း၌ နိုင်ငံရေးတည်ငြိမ်မှုမရှိဆုံး နိုင်ငံအဖြစ်၎င်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနိမ့်ဆုံးနှင့် အလုပ်အကိုင်အရှားပါးဆုံးနိုင်ငံအဖြစ်၎င်း၊ ပညာရေးခေတ်နောက်အကျဆုံးနိုင်ငံအဖြစ်၎င်း၊ ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတဦးချင်း၏ ဆေးဝါးကုသခွင့်အာမခံချက် လုံးဝမရှိသောနိုင်ငံအဖြစ်၎င်း၊ လူမှုရေးကဏ္ဍတွင်လည်း အခြေခံလူ့အခွင့်အရေး အာမခံချက်အနည်းဆုံးနိုင်ငံအဖြစ်၎င်း၊ ကလေးသူငယ်များနှင့်အမျိုးသမီးများ ဘဝလုံခြုံမှုအနိမ့်ဆုံးနိုင်ငံအဖြစ်၎င်း၊ ဒေသတွင်း၌ ဒုက္ခသည်အများဆုံး ထုတ်လုပ်ရာနိုင်ငံအဖြစ်သို့၎င်း ရောက်ရှိခဲ့ရခြင်းလည်းဖြစ်သည်။

၈။ ဤနေ့ ဤအချိန် ဤအခြေအနေမျိုး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအားလုံးသော အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်များသို့ သွားရောက် ဦးညွှတ်အလေးပြုကြရုံ၊ ၎င်းတို့အတွက်ရည်စူး၍ ကောင်းမှုကုသိုလ်များပြုကြရုံမျှဖြင့် မိမိတို့ဝတ္တရားကျေပွန်ပြီဟု မယူဆသင့်ကြဘဲ အဘယ့်

● စာမျက်နှာ (၁၁) သို့ ...